Newborn bloodspot screening



# မွေးကင်းစ ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု - သင့် ကလေးငယ် ၏ ကျန်းမာရေးအတွက်ဖြစ်သည်

## မွေးကင်းစ ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု သည် ဘာလဲ။

မွေးကင်းစ ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှုသည် အရေအတွက် အနည်းငယ်ခန့်သော ကလေးငယ်များတွင် ၄င်းတို့၏ ကျ
ကျန်းမာရေးကို ထိခိုက်နိုင်သော ရှားရှားပါးပါး ရှိနိုင်သည့် ပြင်းထန်သောရောဂါကို ရှာဖွေရန်အတွက် အသုံးပြုသည့် စစ်ဆေးမှုတစ်ခု ဖြစ်ပါသည်။

စစ်ဆေးမှုသည် အမျိုးမျိုးသော ရောဂါ ၂၃ ခု ကျော်ကို ရှာဖွေပါသည်။ ၄င်းသည် အရေးကြီးပါသည် ၊ အဘယ်ကြောင့်ဆိုသော် -

- ဤ ရောဂါများကို ကလေးငယ်များ မွေးခါစ အချိန်တွင် မမြင်တွေ့နိုင်ခြင်းကြောင့် ဖြစ်သည်။
- ရောဂါဖြစ်နေသည့် ကလေးငယ်ကို စောစီးစွာ ရှာတွေ့ရန် ဖြစ်သည်။ ရောဂါကို စောစီးစွာ ရှာတွေ့ခြင်းအားဖြင့် ကလေးငယ်အား ထိရောက်စွာ ကုသနိုင်မည် ဖြစ်သည်။

ဗစ်တိုးရီးယားပြည်နယ်တွင် မွေးဖွားသည့် ကလေးငယ် အများစုသည် ကျန်းမာကြပါသည်။ ကလေးငယ် အနည်းငယ်၌သာလျှင် ဤပြင်းထန်သော ရောဂါများမှ တစ
တစ်ခုကို တွေ့ရှိပါလိမ့်မည်။ ကလေးငယ် အချို့တွင် ဤရောဂါများကို အကယ်၍ ချက်ချင်း ကုသပေးခြင်းမရှိပါက အသက်အန္တရာယ် ရှိနိုင်ပါသည်။ ရှားရှားပါးပါး ကိစ္စများတွင် ဆရာဝန်များသည် ရောဂါကို ကုသပေးနိုင်လိမ့်မည် မဟုတ်ပါ။

## သွေးစစ်ဆေးမှုကို မည်သည့်အချိန် နှင့် မည်ကဲ့သို့ ဆောင်ရွက်မည်နည်း။

သွေးစစ်ဆေးမှုသည် မြန်ဆန်သည် ၊ လုံခြုံသည် ၄င်းပြင် ကလေးငယ် အားလုံးအတွက် ရရှိနိုင်သည်။ သင့် ကလေးငယ် မွေးဖွားပြီး နောက် ၂ ရက် မှ ၃ ရက် အတွင်းတွင် သင
သင့် သားဖွားသူနာပြုက သွေးစက်အနည်းငယ်ကို ထုတ်ယူ၍ စစ်ဆေးမှုကတ်ပြားပေါ်တွင် အစက်ချပါလိမ့်မည်။ သင့်ကလေးငယ်၏ ခြေဖနောင့်အား အပ
အပ်ဖြင့်ဖောက်ခြင်းဖြင့် ပြုလုပ်မည်။ ဤကိစ္စသည် ကလေးငယ်အား အနည်းအကျဉ်း ငိုယိုစေနိုင်သည်။ အပ်ဖြင့် ဖောက်နေသည့်အချိန်အတွင်း ကလေးငယ်အား နို
နို့တိုက်နေခြင်း သို့မဟုတ် ကိုင်တွယ်ထားခြင်းသည် ကူညီရာရောက်ပါလိမ့်မည်။

သွေးစစ်ဆေးမှုကတ်ပြားကို မဲလ်ဘုန်းမြို့ရှိ (Royal Children's Hospital) တော်ဝင်ကလေးဆေးရုံကြီးသို့ ပေးပို့မည်ဖြစ်သည်။
ကလေးတိုင်း အားလုံးလိုလိုတို့တွင် ပုံမှန် အဖြေများ ရှိကြပါသည်။ အဖြေမှာ ပုံမှန်ဖြစ်သည့်အခါ ၊ သင် ဘာမျှ ကြားရလိမ့်မည် **မဟုတ်ပါ။** အကယ်၍ သင့် ကလေးငယ်ထံမှ ဒုတိယအကြိမ် သွေးနမူနာ လိုအပ်လျှင် စိတ်မပူပါနှင့် - တစ်ခါတစ်ရံ ဤကိစ္စဖြစ်တတ်ပါသည်။

အကယ်၍ သင့် ကလေးငယ်၏ စစ်ဆေးမှုအဖြေ၌ ပြဿနာ ရှိလျှင် သင့်အား ဆရာဝန် သို့မဟုတ် သားဖွားသူနာပြုက ပြောဆိုပါလိမ့်မည်။ သူတို့က သင် ဘာလုပ်ရန် လိုအပ်သည်ကို သင့်အား ပြောပြပါလိမ့်မည်။

## သွေးစစ်ဆေးမှု ပြီးဆုံးသည့်အခါ ဘာဖြစ်မည်နည်း။

ကလေးဆေးရုံကြီး၌ သင့် ကလေးငယ်၏ သွေးစက်များ ကျန်ရှိနေသည့် စစ်ဆေးမှုကတ်ပြားကို ၂ နှစ် ကာလ သိမ်းဆည်းထားပါလိမ့်မည်။ ဤကိစ္စမှာ အကယ်၍ ပိုမိုသော စ
စစ်ဆေးမှုများ သင့် ကလေးငယ်အတွက် လိုအပ်လျှင် ဖြစ်ပါသည်။ သွေးစစ်ဆေးသည့် စက်ကိရိယာများ ကောင်းမွန်စွာ အလုပ်လုပ်ကြောင်း စမ်းစစ်ရန် အတ
အတွက် ဆေးရုံသည် သွေးစက်နမူနာ အဟောင်းများကိုလည်း အသုံးပြု၍စစ်ဆေးပါသည်။

၂ နှစ် ကျော်လွန်ပြီးသည့်အခါ ၊ စစ်ဆေးမှုကတ်ပြားများကို လုံခြုံသောနေရာ၌ ရာသက်ပန် သိမ်းဆည်းထားပါသည်။ ကတ်ပြားများအား လုံခြုံစွာသိမ်းဆည်းထားပြီး ပြ
ပြည်နယ်၏ တရားဥပဒေဖြင့် အကာအကွယ်ပေးထားပါသည်။ ခါတ်ခွဲခန်းတွင် ၂ နှစ် ကာလ သိမ်းဆည်းထားပြီးနောက် သင့် ကလေးငယ်၏ စစ်ဆေးမှုကတ်ပြားကို သင
သင့်ထံသို့ လွှဲပြောင်းပေးရန် သင် လျှောက်ထားနိုင်ပါသည်။

Burmese

VCGS
Leaders in Genetic Health

# Newborn bloodspot screening




သိမ်းဆည်းထားသည့် ကာလအတွင်း ၊ စစ်ဆေးမှုကတ်ပြားကို အသုံးပြုနိုင်သည်မှာ -

- သင့် ကလေးငယ်အတွက် ပိုမိုသော စစ်ဆေးမှု လိုအပ်လျှင် သင့် ဆရာဝန်က အသုံးပြုနိုင်သည်
- တရားရုံးမှ တောင်းဆိုလျှင် အသုံးပြုနိုင်သည်
- ၄င်းပြင် တစ်ခါတစ်ရံတွင် သွေးစက်ရှင်အမည်ကို မဖော်ပြသည့် ကျန်းမာရေးသုတေသနအတွက် အသုံးပြုနိုင်သည်။

သုတေသန ပြုလုပ်ရန် အတွက် သင့် ကလေးငယ်၏ သွေးစက်နမူနာကို အသုံးပြုနိုင်ကြောင်း သင် ရွေးချယ် နိုင်ပါသည်။ သုတေသနသည် သင့် အမည် သို့မဟုတ် အခြား ကိုယ်ရေးကိုယ်တာ အကြောင်း အချက်အလက်များကို အသုံးမပြုပါ။ သုတေသနအတွက် သွေးစက်နမူနာ အသုံးပြုခွင့်ပေးခြင်းသည် ကိုယ်ရေးကိုယ်တာ ရွေးချယ်မှု တစ်ခုဖြစ်ပြီး သင့် ကလေးငယ်အတွက် စစ်ဆေးမှုရရှိရေးကို ဟန ဟန့်တားလိမ့်မည် မဟုတ်ပါ။

## မွေးကင်းစ ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု အတွက် ခွင့်ပြုချက်ပေးခြင်း

စစ်ဆေးမှု ပြုလုပ်ရန်အတွက် ခွ
ခွင့်ပြုချက်ပေးရန် သွေးစက်နမူနာကို မထုတ်ယူမီ ၊ သင့်အား
မေးမြန်းပါလိမ့်မည်။ သုတေသန အတွက် ကတ်ပြားကို အသုံးပြုရန် "ခွင့်ပြုသည်"
သို့မဟုတ် "ခွင့်မပြုသည်" ကို လည်းသင့်အား မေးမြန်းပါလိမ့်မည်။
စစ်ဆေးမှုကတ်ပြားသည် တစ်ဖက်ပါပုံစံ နှင့် ဆင်တူ ဖြစ်ပါလိမ့်မည် -►



SOAK BLOOD FROM THE OTHER SIDE

VICTORIAN NEWBORN SCREENING LABORATORY

BIRTH HOSPITAL

COMPLETE ALL DETAILS OR USE HOSPITAL LABEL BELOW

Baby's FULL NAME

Mother's FULL NAME

UR

Doctor's Name

Date of birth / / time 24:00hr

Date of sample / / time 24:00hr

Gestation: weeks | Current weight: g | Twin 1 2

Breast Feed ☐ Formula Type ☐ TPN ☐ Male ☐ Female ☐

Relevant Clinical / Family History

Collector's Name

**Newborn Screening Consent**
I have received and understood the information in the newborn screening brochure. I consent to my baby having blood collected for the newborn screening test. ☐ Yes ☐ No

**Secondary Research Use**
I understand that blood from stored screening cards can be used occasionally for de-identified health research. I choose to make my baby's blood sample available for this purpose. ☐ Yes ☐ No

Parent Signature:

### မွေးကင်းစ ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု သဘေ သဘောတူညီချက်

ကျွန်ုပ်သည် မွေးကင်းစ  ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု
လက်ကမ်းစာစောင်ကို
လက်ခံရရှိပြီး ၄င်းတွင်ပါရှိသည့် အကြောင်းအချက်အလက်များအား နာ
နားလည်ခဲ့ပါသည်။ မွေးကင်းစ ကဖ
ကလေးငယ် မျိုးရိုးဗီဇမူမမှန်မှုဆိုင်ရာ သွေးစစ်ဆေးမှု အတွက် ကွ
ကျွန်ုပ်၏ ကလေးငယ်ထံမှ သွေးစက်ကို ထုတ်ယူရန် ကျွန်ုပ် ခွင့်ပြုပါသည်။

### ထပ်ဆင့်သုတေသန အသုံးပြုမှု

သိမ်းဆည်းထားသည့် စစ်ဆေးမှုကတ်ပြားပေါ်မှ သွေးစက်ကို အခါအခွင့် သင့်သလို
သွေးစက်ရှင်အမည်ကို မဖော်ပြသည့် ကျန်းမာရေး သု
သုတေသနအတွက် အသုံးပြုနိုင်ကြောင်း ကျွန်ုပ် နားလည်ပါသည်။ ဤ ကိစ္စအတွက်
ကျွန်ုပ် ကလေးငယ်၏
သွေးစက်နမူနာကို အသုံးပြုနိုင်ကြောင်း ကျွန်ုပ် ရွေးချယ်ပါသည်။

## ပိုမိုသော အကြောင်းအချက်အလက်များ အတွက်

- သားဖွားသူနာပြု အား ပြောဆိုပါ
- www.vcgs.org.au/tests/newborn-bloodspot-screening (အင်္ဂလိပ်ဘာသာစကား ဖြင့်သာလျှင်) သို့ သွားရောက်ပါ
- ဗစ်တိုးရီးယားပြည်နယ် ဆေးဖက်ဆိုင်ရာ မျိုးရိုးဗီဇ ဝန်ဆောင်မှု ဌါနရှိ အတိုင်ပင်ခံအရာရှိ တစ်ဦးနှင့် စကားပြောဆိုရန် ဖုန်းနံပါတ်  1300 118247 ကို ခေါ်ပါ။

VICTORIA
State Government

Burmese